မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အထွက်လည်းတိုး၊ စားရှုလည်းကောင်း၊ ပြည်ပဈေးကွက်လည်းဝင်ဆံ့သည့် စပ်မျိုးစပါး ပြောင်းလဲစိုက်ပျိုး

နောင်အနာဂတ်တွင် တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစေရန် မျှော်တွေးဆောင်ရွက်

အတွေးအခေါ်၊ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်များ ပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစား

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ၌ ကျင်းပသည့် နှံစပါး (၃၆၉)ကေ ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဆန်စပါးအထူးပြုကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ လေ့လာရေးရောက်ရှိနေကြသည့် တောင်သူများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း(၃၆၉) ကေ စိုက်ကွင်း၌ ပုလဲသွယ် စပ်မျိုးစပါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာ ကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ(၂၈၈) ကေ စိုက်ကွင်း၌ ဒေသခံ တောင်သူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်)

ခြိုးခြံချွေတာမှုတစ်ခု နေ့စဉ်ပြု

ဤလောက၌ ချမ်းသာသူနှင့် ဆင်းရဲသူဟူ၍ ရှိကြသည်။ လူတိုင်းပင် ချမ်းသာလိုကြ၏။ ချမ်းသာအောင်လုပ်ဆောင်နည်း များစွာရှိသည့်အနက် အခြေခံကျပြီး လူတိုင်းလုပ်နိုင်သည့် ချမ်းသာနည်းမှာ ခြိုးခြံချွေတာခြင်းပင်ဖြစ်သည်။ လူတိုင်းသည် စားခြင်း၊ ဝတ်ခြင်း၊ နေခြင်းတည်းဟူသော လုပ်ဆောင်ဖွယ်တို့ဖြင့် နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြရသည်။ အဆိုပါ စား၊ ဝတ်၊ နေရေးဟူသည် ဆောင်ရွက်ဖွယ်တိုင်းတွင် ရောင့်ရဲတင်းတိမ်ပြီး ချွေတာဖို့လိုအပ်သည်။

မည်မျှပင်ဝင်ငွေရရှိစေကာမူ ခြိုးခြံချွေတာမှုမရှိလျှင် ကြီးပွားခြင်းမဖြစ်နိုင်။ အိတ်ပေါက်နှင့်ဖားကောက်ဆိုသလို ဖြစ်နေတတ်၏။ ရသမျှဝင်ငွေသည် ဆီလိုအပေါက်ရှာထွက်နေတတ်၏။ ထွက်ငွေကို ပိတ်ဆို့နိုင်သောနည်းလမ်းကောင်းတစ်ခုမှာ ခြိုးခြံချွေတာခြင်းပင်ဖြစ်၏။ "စုပါများတောင်ပို့ဖြစ်" ဟုဆိုသည့် စကားကဲ့သို့ ခြိုးခြံချွေတာရေးမူတစ်ခုကို လက်ကိုင်ပြု၍ လိုက်နာကျင့်သုံးသွားနိုင်လျှင် အမှန်ပင်စုမိဆောင်းမိဖြစ်လာပေမည်။

လူတိုင်းလူတိုင်းသည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ခြိုးခြံချွေတာမှုကို နေ့စဉ်ပြုသင့်၏။ အဘယ်ကြောင့်ဟူမူ ချမ်းသာပြီးသူများသည် ခြိုးခြံချွေတာသဖြင့် ပြန်၍မဆင်းရဲနိုင်တော့သလို ပို၍ပို၍ပင် ချမ်းသာလာနိုင်၏။ ဆင်းရဲသူများသည် ခြိုးခြံချွေတာသဖြင့် စုဆောင်းမိရာမှ ချမ်းသာခြင်းသို့ ရောက်ရှိနိုင်၏။

ဤသို့ဆိုလျှင် ချွေတာခြင်းကို လူတို့အနေဖြင့် နေ့စဉ်ပြုကျင့်သင့်၏။ ထိုချွေတာခြင်းကို ဆန်းစစ်လေ့လာလျှင် အစားအသောက်များပေါ်တွင် ချွေတာခြင်း၊ အဝတ်အစားများအပေါ်၌ချွေတာခြင်း၊ အပျော်အပါးများတွင် ချွေတာခြင်းဟူ၍ တွေ့ရှိရမည်ဖြစ်ကာ ၎င်းတို့အနက် နေ့စဉ်တစ်ခုခုတွင် ခြိုးခြံချွေတာနေသင့်၏။

အစားအသောက်များပေါ်တွင် ချွေတာရာ၌ ဈေးအလွန်ကြီးသည့် အစားအသောက်များဝယ်ယူစားသောက်ခြင်းကိုရှောင်ကြဉ်သင့်၏။ ဈေးချိုသောအစားအသောက်များကိုသာ ဝယ်ယူစားသုံးသင့်၏။ ဥပမာ ပေါ်ဦးပေါ်ဖျား မရန်းသီးတစ်ဆယ်သား ကျပ်တစ်ထောင်နှုန်းဖြင့် ရောင်းချနေသည်ကို ဝယ်ယူစားသောက်ခြင်း မပြုသင့်။ အခြားသော ဈေးချိုသည့် အစားအသောက်များကိုသာ ဝယ်ယူစားသောက်သင့်၏။

တစ်ဖန် အဝတ်အစားများဝတ်ရာတွင် ဈေးနှုန်းသက်သာသည့်အဝတ်များကိုသာ ဝယ်ယူဝတ်ဆင်သင့်၏။ ဈေးအလွန်ကြီးသည့် ဖက်ရှင်ဒီဇိုင်းများကို ဝယ်ယူဝတ်ဆင်ခြင်းကား ချွေတာရာမရောက်ပေ။ သုံးဖြုန်းရာရောက်၏။ လူတို့အနေဖြင့် ထွက်ငွေကိုတားဆီးနိုင်ရန် အပျော်အပါးများကိုလည်း ရှောင်ကြဉ်သင့်၏။ ငွေနှင့်စက်၍ပျော်ပါးမှုများသည် ကြီးပွားတိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်၏။

သို့ပါ၍ လူတိုင်းလူတိုင်းသည် ကြီးပွားတိုးတက်လိုပါက ခြိုးခြံချွေတာမှုတစ်ခုခုကို နေ့စဉ်ပြုသင့်၏။ အစားအသောက်များတွင် ချွေတာခြင်း၊ အဝတ်အစားနှင့် အပျော်အပါးတို့တွင် ချွေတာခြင်းစသော ချွေတာခြင်းတို့ကို နေ့စဉ်တစ်ခုမဟုတ်တစ်ခု ပြုသင့်၏။ ချွေတာမှုတစ်ခုခုကို နေ့စဉ်ပြုသဖြင့် လကြာသည့်အခါ ချွေတာမှုများပေါင်းစုလိုက်လျှင် အများအပြားစုဆောင်းမိမည်ဖြစ်၏။ ထို့ကြောင့် ကြီးပွားချမ်းသာလိုသူတိုင်းသည် ချွေတာမှုတစ်ခုကို နေ့စဉ်ပြုသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ပုသိမ်မြို့နယ်၌ ကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၁၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မင်းရဲကျော်စွာလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ NGO အသင်းအဖွဲ့များ တက်ရောက်ကြသည်။ အဆိုပါလမ်းကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဦးတင်စိုး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ အမှတ်(၆)ရပ်ကွက်နေ ရပ်မိရပ်ဖ သုဓမ္မမဏိဇောတရေ ဦးကျင်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် **(အောက်ပုံ)** ဆက်လက်၍ အောင်သိဒ္ဓိလမ်း၊ အောင်မာဃလမ်း၊ ဘန့်ဘွေးကုန်းလမ်း (အပိုင်း-၁) ကွန်ကရစ် လမ်းတို့ကို ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အစားအသောက် စံချိန်စံညွှန်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် Japan External Trade Organiz ation (JETRO) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ဆန္ဒအလျောက်ပြုစုတင်ပြသည့် အစားအသောက်ဆိုင်ရာ စံချိန်စံညွှန်း ၂၀၁၁ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Toshihiro WATANABE နှင့် အာရှ ပူးပေါင်းဆောင်ရွက်ရေးဌာန ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဌာန (JETRO) တိုကျိုမှ ညွှန်ကြားရေးမှူး Mr.Koichi TAKANO တို့က ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် JEsTRO မှ ပညာရှင် Mr.Masami SHINOHARA က စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းတွင် လုပ်ငန်းစံချိန်စံညွှန်းများ လိုအပ်ချက်ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဓာတ်ခွဲခန်း (FIDSL)မှ မန်နေဂျာ ဒေါက်တာအေးကျော်က မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏ အစားအသောက်ဆိုင်ရာ စံချိန်စံညွှန်း ၂၀၁၁ အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးက စားသောက်ကုန် စံချိန်စံညွှန်းအား စနစ်တကျကျင့်သုံး လိုက်နာရေးအစီအစဉ်နှင့်အချိန်ဇယားတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူ ချင်းပြည်နယ် မင်းတပ်မြို့ စက္ကူဒါနဆေးရုံ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက **(အောက်ပုံ)** ဦးဆောင်သော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ နယ်လှည့်ကျန်းမာရေးအလှူကို ချင်းပြည်နယ် မင်းတပ်မြို့ သီတဂူ တက်လမ်းစက္ကူဒါနဆေးရုံ၌ ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသည်။

အထူးကုဆရာဝန်ကြီးများအပါအဝင် ဆရာဝန်၊ သူနာပြု ၅၀ ကျော်တို့က ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် လူနာပေါင်း ၃၃၈၀ ကျော်ကို မေတ္တာဖြင့် ကြည့်ရှုစစ်ဆေးကုသပေးခြင်း၊ လိုအပ်သော ဝေယျာဝစ္စများကို မင်းတပ်မြို့ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ပရဟိတအဖွဲ့အစည်းမှ လုပ်အားပေးလူငယ်များ၊ လှိုင်ကော်မြို့မှ စေတနာရှင်လူငယ်များက စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီခြင်းအားဖြင့် ကျန်းမာရေးအကူအညီ လိုအပ်နေသူများအတွက် ကျန်းမာရေး အလှူလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည်။

မျက်စိဝေဒနာရှင် ၁၄၄၈ ဦးအား ပြင်ပလူနာအဖြစ် ကြည့်ရှုစစ်ဆေးပေး၍ မျက်မှန်လိုအပ်သည့် လူနာ ၁၀၀၀ ခန့်ကို မျက်မှန်များလှူဒါန်းခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် မျက်စိဝေဒနာရှင် ၁၇၄ ဦးအား ခွဲစိတ်ကုသပေးခဲ့သည်။ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၆၁၉ ဦးအား စမ်းသပ်စစ်ဆေးကုသပေး၍ ခွဲစိတ်ရန်လိုအပ်သည့် လူနာရှစ်ဦးကို ခွဲစိတ်ကုသပေးခဲ့သည်။ သွားနှင့်ခံတွင်းဝေဒနာရှင် ၃၉၃ ဦးအား ကြည့်ရှုစစ်ဆေး၍ သွားနုတ်ခြင်း၊ သွားဖာခြင်း၊ ဆေးပေးခြင်းများ ပြုလုပ်ခဲ့သည်။ မီးယပ်နှင့်သားဖွားဝေဒနာရှင် ၁၅၂ ဦး၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် အထွေထွေဝေဒနာရှင် ၇၆၈ ဦးတို့ကို စမ်းသပ်စစ်ဆေး၍ ရောဂါအခြေအနေအလိုက် လိုအပ်သောဆေးဝါးများ အပြည့်အစုံလှူဒါန်းခဲ့သည်။ ခွဲစိတ်ကုသရန်လိုအပ်သည့် လူနာများကိုလည်း ရန်ကုန်သို့ အကုန်အကျခံခေါ်ယူ၍ ခွဲစိတ်ကုသပေးသွားမည်ဖြစ်သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ တိုင်းဒေသကြီးအစိုးရ၊ တိုင်းကျန်းမာရေးဌာန၊ မကွေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ဇေယျတုဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်း ကျင်းပသော အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌လည်း ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက ကျပ်သိန်း ၁၂၀ ကျော်တန်ဖိုးရှိသော ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ တောင်တွင်းကြီးပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်ထုတ်စက်၊ ချွဲစုပ်စက်၊ သွားစိုက်ခုံသုံးစက်၊ မျက်စိခွဲစိတ်သုံး မိုက်ခရိုစကုပ်၊ ဆေးပုလင်းချိတ်စင်၊ အဲကွန်းနှင့် ခုတင်များ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ခွဲစိတ်လူနာ မျက်စိဝေဒနာရှင် ၂၁ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၉၁ ဦးတို့အား တောင်တွင်းကြီးဆေးရုံနှင့် မကွေးဆေးရုံကြီးတို့တွင် အခမဲ့ဆက်လက်ကုသပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာမြို့နယ်၌ အာစိဏ္ဏကံ တရားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင်လှိုင်သာယာမြို့နယ် (၁၁)ရပ်ကွက်၌ ဖေဖော်ဝါရီ ၇ ရက်က ရန်ကုန် ဆန်လှူအသင်းကြီး၏ အာစိဏ္ဏကံ တရားပွဲကျင်းပရာ (၁၁) ရပ်ကွက်နှင့် ရပ်နီးရပ်ဝေး စေတနာရှင် အလှူရှင်များက လှူဒါန်းသော အလှူငွေ ကျပ် ၂၁၃၇၇၅၃၅ ကို အလှူရှင်များ ကိုယ်စားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းလင်းဇော်က လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာယ ဉာဏ စွမ်းရည်ပြိုင်ပွဲ ဗဟန်းမြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် မူကြိုကလေးငယ်များ၏ ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပရာ အနောက်ပိုင်းခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်းလေးကျောင်းမှ ပြိုင်ပွဲဝင်ကလေး ၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး **(အောက်ပုံ)** ကလေးငယ်များအား အာဟာရကျွေးမွေးခဲ့ကြကြောင်းသိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ဆေးပေးခန်း မိုင်းဆတ်မြို့နယ် မယ်ကြူတ်ကျေးရွာ၌ ဖွင့်

မိုင်းဆတ် ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု မယ်ကြူတ်ကျေးရွာတွင် အလှူရှင် ဦးကျင်ငေါ့-ဒေါ်နန်းထွေးခမ်းမိသားစုက ဆောက်လုပ်လှူဒါန်းသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ လင်းရောင်ခြည်စာကြည့်တိုက်နှင့် ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးလှငွေးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျင်ငေါ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံ

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက စာအုပ်စာစောင် ၁၅၀ကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှငွေးက ဂျာနယ်၊မဂ္ဂဇင်းမျိုးစုံ ၃၅၀ ကျော်ကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းက သုတရသစာအုပ် ၃၀ ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆောက်လုပ်

အဆိုပါ မယ်ကြူတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ လင်းရောင်ခြည်စာကြည့်တိုက်နှင့်ကျေးလက်ဆေးပေး ခန်းမှာ အလျား ၂၄ ပေ၊ အနံ ၂၄ ပေစီ၊ အုတ်/ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး ငွေကျပ် ၇၅ သိန်းကျော် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန် ဖော်ဆောင်ပေးနေ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များအောင်မြင်ရန် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်

ပြည်သူအားလုံးအကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ တက်ညီလက်ညီဆောင်ရွက်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ စာပေဆုရပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်သည် ၂၀၁၂ ခုနှစ်၏ နှစ်သစ်အစဖြစ်၍ ဝန်ထမ်းများအနေဖြင့် စိတ်သစ်၊ လူသစ်၊ စွမ်းအားသစ်များဖြင့် တိုင်းပြည်အကျိုး၊ ဌာနအကျိုး၊ မိမိအကျိုးတို့ကို မျှမျှတတဖြစ်အောင် ဆောင်ရွက်ရမည်ဟု ခံယူလုပ်ဆောင်ကြရမည့် အခါသမယဖြစ်ကြောင်း။

သို့ပါ၍ ဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးစားထမ်းဆောင်ကြမည်ဟုခံယူပြီး လက်တွေ့ဘဝ၌လည်း အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နှစ်ဟောင်းကရှိခဲ့သည့် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး အားသာချက်များကို ပိုကောင်းအောင် အားနည်းချက်များကို လျော့နည်းသွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် မိမိရောဌာနပါ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကောင်းသောယှဉ်ပြိုင်မှု

ပြီးခဲ့သည့်နှစ်အတွင်း ဌာနတွင်း ပြိုင်ပွဲများကျင်းပ၍ ဆုများချီးမြှင့်နိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ် တွေ့မြင်ရကြောင်း၊ ကောင်းသောယှဉ်ပြိုင်မှုအရ ဆုရရှိသူများအား အသိအမှတ်ပြုပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုထက်ပိုမို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနလုပ်ငန်းနှင့် ဆက်စပ်၍ ကောင်းသောယှဉ်ပြိုင်မှုများကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို ကြိုးပမ်း တည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ လိုလားချက်ဆန္ဒဖြစ်သော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မိမိတို့မိသားစုတစ်ခုချင်း လူမှုစီးပွားဘဝ တိုးတက်လာစေရန်၊ ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နိုင်ရန်၊ တိုင်းပြည်၏ မည်သည့်ဒေသ၌မဆို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နေထိုင်နိုင်ကြရန်တို့ကို အခက်အခဲများကြားမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း။

တက်ညီလက်ညီ

ယင်းသို့ ဆောင်ရွက်ရာတွင် ပန်းခင်းသောလမ်းမဟုတ်ဘဲ ပြည်တွင်းပြည်ပအဟန့်အတား အခက်အခဲများ အကြားမှ ကြိုးပမ်းရုန်းကန်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ငန်းစဉ်များ အောင်မြင်ရန် ဝန်ထမ်းများအားလုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူအားလုံးအကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်၍ တက်ညီလက်ညီ အားလုံးပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် စည်းရုံးဆောင်ရွက်ခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်နိုင်မှုကို ခြုံငုံသုံးသပ်ပါက ကျေနပ်အားရဖွယ်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ဖွင့်လှစ်ပြီးစာကြည့်တိုက်ပေါင်း ၅၀၀၀၀ ကျော်အနက် ခိုင်မာရှင်သန်ပြီး စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၃၂၅၈၂ တိုက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ကျန်ရှိသည့် စာကြည့်တိုက်များကိုလည်း ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စာဖတ်ရှိန်မြှင့်တင်ရေး ၄၂ ပွဲနှင့် စာအုပ်လှူဒါန်းပွဲများ ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ အမှန်တကယ် စာဖတ်လာအောင် လုပ်ဆောင်သည့်အပိုင်းများကိုလည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာ၌ ဒေသဆိုင်ရာ ဌာနဆိုင်ရာ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်နှင့် အသင်းအဖွဲ့အစည်းများ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ၏အား၊ အား(၄)အားဖြင့် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ဒို့ကျေးရွာဂျာနယ်ကိုလည်း အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပိုမိုတိုးတက်မှုရှိအောင် စီမံမှုရှိရှိ၊ ခေါင်းဆောင်မှုရှိရှိ၊ Initiative ရှိရှိ ဆောင်ရွက်သွားရန်လိုကြောင်း။

ရည်မှန်းချက်တာဝန်များ

၂၀၁၂ ခုနှစ်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ရမည့် ရည်မှန်းချက်တာဝန်များဖြစ်သည့်-

(၁) ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ် ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ဆောင်ရွက်ရန်။

(၂) ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်းဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရန်။

(၃) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

(၄) ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်ပြည်သူများအား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများဖြင့် ဖြန့်ဝေပေးနိုင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်အောင် ဆောင်ရွက်ရန်။

(၅) ကျေးရွာတိုင်းတွင် သတင်းစာဖတ်ရှုနိုင်ရေး၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ဖမ်းယူကြည့်ရှု နားထောင်နိုင်အောင် ကူညီစည်းရုံး ဆောင်ရွက်ပေးရန်။

(၆) ခရိုင်၊မြို့နယ်ရုံးများက နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ဆောင် ချက်များကို ပြည်သူများ သိရှိအောင် ဆောင်ရွက် ပေးရန်နှင့် ပြည်သူများ၏ဆန္ဒ၊ သဘောထားများကို ပြန်လည်တင်ပြပေးရန်။

(၇) ဝန်ထမ်းများ၏ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်နှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်း စွမ်းရည်များကို မြှင့်တင်ပေးရန်။

(၈) ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အောင်မြင်အောင် ပါဝင်ကူညီ ဆောင်ရွက်ရန်။

(၉) စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဖောက်ချ လုပ်ကိုင်၍ ဝန်ထမ်းများ သက်သာချောင်ချိရေးတို့တွင် ဆောင်ရွက်ရန် ဟူသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အစွမ်းကုန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ငန်း၊ နိုင်ငံတော်၏ လုပ်ငန်းများအောင်မြင်အောင် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရ ကယားပြည်နယ် လွိုင်ကော်ခရိုင်မှ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ စံပြခရိုင်ရုံးဆုရ မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရုံးအတွက် မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်၊ စံပြမြို့နယ်ရုံးဆုရ ပင်လည်ဘူးမြို့နယ်ရုံးအတွက် ပင်လည်ဘူး မြို့နယ်ဦးစီးမှူး ဒေါ်အေးမြမွန်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် "ငြိမ်းငြိမ်းချမ်းချမ်း ရွာပါမိုး" စာမူဖြင့် ပထမဆုရ ဦးရွှေသိဏ်း (ရဲရင့်ကျော်)၊ "မိုးသက်မုန်တိုင်း စဲသောအခါ" စာမူဖြင့် ဒုတိယဆုရ ဦးခင်မောင်ရွှေ (တောမြင့်မြေ၊ ကျွန်းလှယဉ်)နှင့် "ပွင့်တူရွက်တူ"စာမူဖြင့် တတိယဆုရ ဦးရဲဝင်း (ရဲမြတ်တင်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ၂၀၁၁ ခုနှစ်အတွင်း ရုံးစာကြည့်တိုက်တွင် စာအုပ်၊ စာစောင်တိုးပွားရေးဆောင်ရွက်နိုင်မှု ပထမဆုရ လပွတ္တာခရိုင်အတွက် ဦးစီးအရာရှိ ဒေါ်မာလာဝင်း၊ ဒုတိယဆုရ သရက်ခရိုင် မင်းလှမြို့နယ်အတွက် မင်းလှမြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါလွင်နှင့် တတိယဆုရ မံစီမြို့နယ်အတွက် မံစီမြို့နယ် ဦးစီးမှူး ဒေါ်ဖြိုးဖြိုးကြိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စံပြခရိုင်ရုံးဆုရ မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရုံးအတွက် မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ၂၀၁၁ ခုနှစ်အတွင်း ဒို့ကျေးရွာဂျာနယ်အများဆုံး ဖြန့်ဝေနိုင်မှုတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ ၂၀၁၁ ခုနှစ်အတွင်း ကျေးရွာများသို့ သတင်းစာအများဆုံးဖြန့်ချိနိုင်မှုတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်း ၂၄၈၈ ဦးတို့အတွက် ထောက်ပံ့ငွေများကို ရုံးချုပ်စီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်အား ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ၂၀၁၁ ခုနှစ်အတွက် ငွေစာရင်းစီမံခန့်ခွဲနိုင်မှုတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ စာပေထူးချွန်ဆု၊ အနုပညာထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ဒို့ကျေးရွာအလှ ရှုမဝဌာနတွင်း ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့ ပို့စကတ်နှင့် သဝဏ်လွှာတွင် ဓာတ်ပုံဖော်ပြခြင်း ခံရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ၂၀၁၁ ခုနှစ် ဌာနခွဲအလိုက် စံပြဝန်ထမ်းဆု၊ စိုက်ပျိုးရေးဆုနှင့် ပညာရည်ထူးချွန်ဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများကိုယ်စား မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ခန်းမအတွင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်ပုံပြိုင်ပွဲဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ဒလမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်ကကျင်းပရာ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် အထက (၁)၊ အထက(၂)နှင့် မြို့နယ်ပညာရေးမိသားစုများကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာအုပ်စာစောင်များကို မြို့နယ်ပညာရေးမှူး ဦးသန်းစိုးထံ ပေးအပ်လှူဒါန်းစဉ်။ (၁၅၁)

နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း

တရုတ်နိုင်ငံကမ်းလွန်၌ သင်္ဘောမှောက်၊ သင်္ဘောသား ရှစ်ဦးသေဆုံး

ဖူချောင် ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက သင်္ဘောသား ၁၁ ဦးစီးနင်းလိုက်ပါသည့် ကုန်သင်္ဘောတစ်စင်းနစ်မြုပ်သွားသည့်အတွက် အနည်းဆုံး သင်္ဘောသားရှစ်ဦးသေဆုံးသွားသည်။ **(အပေါ်ပုံ)**

ထိုနေ့ မွန်းတည့်ချိန်တွင် ကယ်ဆယ်ရေးလုပ်သားများက သင်္ဘောသားတစ်ဦးကို ကယ်ဆယ်နိုင်ပြီး အလောင်းရှစ်လောင်းကို တွေ့ရှိကြောင်း၊ ပျောက်ဆုံးနေသည့် သင်္ဘောသားနှစ်ဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း ရေကြောင်းကယ်ဆယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကုန်စည်တန်ချိန် ၅၀၀၀ တင်ဆောင်သည့် အဆိုပါသင်္ဘောသည် ရှန်တုန်ပြည်နယ်သို့အသွား ဖူကျန်ပြည်နယ် ချွန်ဝူကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၃ နာရီခန့်က တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

ဘိုလစ်ဗီးယား၌ မိုးသည်းထန်ပြီး မြေပြို ၁၀ ဦးသေပြီး မိသားစု ၆၆၀၀ခန့် ထိခိုက်

လာပက် ဖေဖော်ဝါရီ ၁၉

ဘိုလစ်ဗီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှု၊ ကမ်းပါးပြိုကျမှုတို့ကြောင့် လူ ၁၀ ဦးသေဆုံးခဲ့ကြောင်း ဘိုလစ်ဗီးယားမြို့ပြကာကွယ်ရေးဌာန အာဏာပိုင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ဘိုလစ်ဗီးယားနိုင်ငံ လာပက်မြို့တော် အနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံရံပြိုကျပိမိပြီး လူငယ်လေးတစ်ဦးနှင့် အခြားသုံးဦးသေဆုံးပြီး အခြားတစ်နေရာတွင် မြေပြိုပြီး အဘိုးအိုတစ်ဦး သေဆုံးသွားခဲ့သည်။

ဆာလီနတ်မြစ်အနီး တာရီဂျာတွင် လူတစ်ဦးသေဆုံးပြီး လူငယ်တစ်ဦးရေထဲ မျောပါသေဆုံးသွားသည်။ ဆန်တာခရုဇ်မြို့ အရှေ့ပိုင်း၌ လူသုံးဦးသေဆုံးသည်။ မိသားစု ၆၆၀၀ ခန့်တို့မှာလည်း မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ခံစားနေရကြောင်း မြို့ပြ ကာကွယ်ရေးဌာနတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ဒေါ်လာ ၆ ထရီလီယံဖိုးရှိ ငွေချေးစာချုပ်အတုများ အီတလီရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးသိမ်းယူ

ရောမ ဖေဖော်ဝါရီ ၁၉

အမေရိကန်ဒေါ်လာ၆ထရီလီယံဖိုးရှိသည့် အမေရိကန် ငွေချေး စာချုပ်အတုများကို အီတလီရဲများ ဖမ်းဆီးရမိသည်။ **(ယာပုံ)**

ထောက်လှမ်းစုံစမ်း

ထိုငွေချေးစာချုပ်အတုပြုလုပ်ခြင်းကို ဖမ်းဆီးနိုင်ရေးအတွက် အီတလီတောင်ပိုင်း မြို့တစ်မြို့ဖြစ်သည့် ပိုတန်လာမြို့ ရှေ့နေရုံးမှ အရေးယူနိုင်ရန်ခွင့်ပြုခဲ့သည်။ ထိုမြို့ရှေ့နေရုံးနှင့် ဆွစ်ဇာလန်နိုင်ငံ အာဏာပိုင်အဖွဲ့တို့ ပူးတွဲကာ အာမခံငွေချေးစာချုပ်အတုများပြုလုပ်မှုကို တစ်နှစ်ကြာ ထောက်လှမ်းစုံစမ်းခဲ့ခြင်းဖြစ်သည်။

ဇူးရစ်မြို့အခြေစိုက် ဆွစ်ဇာလန်ကုမ္ပဏီတစ်ခုက ၁၉၃၄ ခုနှစ်က အမေရိကန် အာမခံငွေချေးစာချုပ်များကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း အတုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုလ အတွင်းမှ သိရှိဖမ်းဆီးနိုင်ခြင်းဖြစ်သည်။

နိုင်ငံတကာ ငွေကြေးဘဏ္ဍာရေးလိမ်လည်မှုအတွက် အဆိုပါ ကုမ္ပဏီအတုအယောင်တည်ထောင်ထားသူ ရှစ်ဦးကိုလည်း ရဲဝန်ထမ်းများကဖမ်းဆီးထိန်းသိမ်းထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ကမ္ဘာတစ်ဝန်းတောမီးများလောင်ကျွမ်းမှုကြောင့် နှစ်စဉ်လူ ၃၃၉၀၀၀ ခန့်သေဆုံးနေရ

ဗန်ကူဗာ ဖေဖော်ဝါရီ ၁၉

ကမ္ဘာတစ်ဝန်းတွင် တောမီးများလောင်ကျွမ်းမှုကြောင့် နှစ်စဉ်ဒေသခံပြည်သူ ၃၃၉၀၀၀ ခန့်သေဆုံးနေကြောင်း ကနေဒါနိုင်ငံ ဗန်ကူဗာမြို့တွင် ဖေဖော်ဝါရီ ၁၉ရက်က ကျင်းပသည့် တောမီးများလောင်ကျွမ်းမှုဆိုင်ရာဆွေးနွေးပွဲတစ်ရပ်၌ အမေရိကန်သုတေသနပညာရှင်များကပြောကြားသည်။ **(ယာပုံ)**

တောမီးများလောင်ကျွမ်းမှုကြောင့် အများဆုံးသေဆုံးရသည့် နေရာမှာ အာဖရိက ဆာဟာရဒေသတွင်ဖြစ်ပြီး နှစ်စဉ်၁၅၇၀၀၀ဦး သေဆုံးလျက်ရှိသည်။ ဒုတိယအများဆုံး သေဆုံးသည့်ဒေသမှာ အရှေ့တောင်အာရှ ဒေသဖြစ်ပြီး နှစ်စဉ်လူ ၁၁၀၀၀၀ ခန့် သေဆုံးနေကြောင်း ၎င်းတို့ကပြောကြားသည်။

ထိုသို့သေဆုံးသူများအနက် တောမီးကြောင့် ထွက်ပေါ်လာသော မီးခိုးများ ရှူရှိုက်မိပြီး မွန်းကျပ်ကာ သေဆုံးရသူများလည်း ပါဝင်ကြောင်း အမေရိကန်သုတေသနပညာရှင် ဂျွန်စတန်က ပြောကြားသည်။ တောမီးလောင်မှုတွင် မြက်ခြောက်တောများနှင့် ကိုင်းတောမီးလောင်မှုများလည်းပါဝင်သည်။ ထို့အပြင် တောမီးများမှ ထွက်ပေါ်လာသော မီးခိုးများကို နှစ်စဉ်ပြည်သူ နှစ်သန်းခန့်ရှူရှိုက်နေရပြီး ယင်းတို့အနက် သစ်တောများအနီး နေထိုင်သူ ၈၀၀၀၀၀ ခန့်မှာ အဆိုးရွားဆုံးရင်ဆိုင်ကြုံတွေ့နေရလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ချက်နိုင်ငံမှ ခရီးသည်တင်လေယာဉ်မှူး ဝေဟင်၌ လေယာဉ်မောင်းစဉ်သေဆုံး

ဝါဆော ဖေဖော်ဝါရီ ၁၉

ချက်သမ္မတနိုင်ငံ စီအက်စ်အေလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းကို မောင်းနှင်လာသော ချက်သမ္မတနိုင်ငံသား လေယာဉ်မှူးတစ်ဦးသည် ဝေဟင်၌ လေယာဉ်မောင်းနှင်နေစဉ် ရုတ်တရက်သေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်၌ ၎င်းလေကြောင်းလိုင်းမှ သတင်းထုတ်ပြန်သည်။

အေတီအာ ၄၂ အမျိုးအစား အဆိုပါလေယာဉ်သည် ခရီးသည် ၄၆ ဦးကို တင်ဆောင်ကာ ပိုလန်နိုင်ငံ ဝါဆောမြို့မှ ချက်သမ္မတနိုင်ငံ ပရာကွီမြို့သို့ ပျံသန်းလာစဉ် ဝေဟင်၌ လေယာဉ်မှူး ရုတ်တရက်သေဆုံးသွားသဖြင့် တွဲဖက်လေယာဉ်မှူးက တာဝန်ယူ မောင်းနှင်လာခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

လေယာဉ်မှာ တစ်စုံတစ်ရာ အခက်အခဲမရှိဘဲ ပရာကွီမြို့ လေဆိပ်သို့ ဆင်းသက်နိုင်ခဲ့သည်။ ထိုသို့ လေယာဉ်ချောမွေ့စွာ မောင်းနှင်ပျံသန်းနိုင်ခဲ့ခြင်းမှာ စီအက်စ်အေလေကြောင်း အနေဖြင့် လေယာဉ်မှူးများ ဝေဟင်၌ မတော်တဆသေဆုံးခဲ့ရပါက ကျွမ်းကျင်သော တွဲဖက်လေယာဉ်မှူးများ ပူးတွဲတာဝန်ပေးထားခြင်းကြောင့် ဖြစ်သည်။ အဆိုပါ လေယာဉ်မှူးမှာ မည်သည့်အတွက်ကြောင့် သေဆုံးသွားသည်ကို သေချာစွာ မသိရသေးသော်လည်း နှလုံးရောဂါကြောင့် ဖြစ်နိုင်ကြောင်း ၎င်းလေကြောင်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။ **(အင်တာနက်)**

စင်ကာပူတွင် ပြည်ပအလုပ်သမားဦးရေ လျှော့ချမည်

စင်ကာပူ ဖေဖော်ဝါရီ ၁၉

စင်ကာပူနိုင်ငံတွင် ကုမ္ပဏီများ ငွေကြေးလည်ပတ်မှုအခက်အခဲနှင့် နိုင်ငံခြားမှလာရောက်လုပ်ကိုင်သောအလုပ်သမားဦးရေတိုးတက်များပြားမှုကြောင့် ပြည်ပမှ လာရောက်လုပ်ကိုင်သော အလုပ်သမားများကို လျှော့ချသွားမည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားသည်။

လာမည့် ဇူလိုင် ၁ ရက်မှ စတင်ကာ ကုမ္ပဏီများတွင် လာရောက်လုပ်ကိုင်နေသော ပြည်ပအလုပ်သမားများ ဦးရေကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချသွားမည် ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် လောလောဆယ်၌ ပြည်ပအလုပ်သမားဦးရေ ၆၅ ရာခိုင်နှုန်းခန့်ရှိနေသည်။

ဝန်ဆောင်မှုလုပ်ငန်းများတွင် ၅၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများတွင်လည်း ပြည်ပအလုပ်သမားဦးရေများ သိသိသာသာ လျှော့ချသွားမည်ဟု စင်ကာပူ ဘဏ္ဍာရေးဝန်ကြီး သာမင်ရှန်မူဂါရက်နန်က ဘတ်ဂျက် အစည်းအဝေး၌ ပြောကြားသည်။

စင်ကာပူတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေး ကုမ္ပဏီ ၅၀၀ ခန့်နှင့် ဝန်ဆောင်မှုကုမ္ပဏီ ၈၅၀၀ ခန့်တို့၌ ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၁၉-၂-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

အဇာဘိုင်ဂျန်သင်္ဘောဆောက်လုပ်ရေးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ ဆင်ခြေဖုံးဒေသတစ်ခုရှိ သင်္ဘောတည်ဆောက်ရေး စက်ရုံတစ်ခုတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် လူလေးဦးသေဆုံးခဲ့ကြောင်း အဆိုပါဒေသရှိ တာဝန်ရှိသူများက ပြောကြားသည်။ ဖြစ်ပွားမှုမှာ အဆိုပါ စက်ရုံရှိ အလုပ်သမားသည် ငါးဖမ်းရေယာဉ်တစ်စင်းအား ဂဟေဆော်နေစဉ် မတော်တဆဖြစ်မှုကြောင့် ယင်းသို့ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပြီးနောက် မီးလောင်မှုများဖြစ်ပွားခဲ့ရာ နောက်ပိုင်းမှသာ မီးကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ယင်းနောက် သေဆုံးသူလေးဦးကို တွေ့ခဲ့ရကြောင်း၊ သေဆုံးသူအားလုံးမှာ အဇာဘိုင်ဂျန်နိုင်ငံသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သည့် ရှန်ဟင်ဂူလီယက်က ပြောကြားခဲ့သည်။

အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ငါးဦးသေဆုံး

အီရတ်နိုင်ငံတစ်ဝန်း သီးခြားပစ်ခတ်တိုက်ခိုက်မှုများအတွင်း ရဲအရာရှိလေးဦး အပါအဝင် အနည်းဆုံးအီရတ်နိုင်ငံသား ငါးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၈၀ အကွာ ခါလစ်မြို့အနီးတွင် ဖေဖော်ဝါရီ ၁၇ ရက်က တာဝန်ရှိသူ ပြင်ပရဲတပ်ဖွဲ့ဝင်များအား ပစ်သတ်ခံရခြင်း ဖြစ်သည်။ အခြားဖြစ်စဉ်တစ်ခုမှာ ဘဂ္ဂဒက်မြို့တော် တောင်ဘက်ဒူရာခရိုင်၌ ရဲကင်းလှည့်စဉ် သေနတ်သမားများက အသံတိတ်ကိရိယာတပ်ဆင်ထားသည့် သေနတ်များဖြင့် ပစ်ခတ်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သည်။ ထို့ပြင်ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၁၅၀ အကွာ တီကရစ်မြို့အနီး ကျေးရွာတစ်ရွာ၌ ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးနှင့် သူ၏ယာဉ်မောင်းတို့လည်း အသတ်ခံလိုက်ရသည်။

ဆီးရီးယားပြည်တွင်းရေး ပြည်ပစွက်ဖက်မှု တူရကီဆန့်ကျင်

ဆီးရီးယားနိုင်ငံ၏ ပြည်တွင်းရေးတွင် မည်သည့်ပြည်ပစွက်ဖက်မှုကိုမဆို ဆန့်ကျင်ကြောင်း တူရကီမဟာသမဂ္ဂပါတီ(ဘီဘီပီ) ခေါင်းဆောင်မူစတာဖာဒက်စတီ စီက ထုတ်ဖော်ကြေညာလိုက်သည်။ ဖေဖော်ဝါရီ ၁၆ ရက်က တူရကီသာယာရေးပါတီ(အက်စ်ပီ) ခေါင်းဆောင် မူစတာဖာကာမာလက်နှင့် တွေ့ဆုံစဉ် ဘီဘီပီခေါင်းဆောင်မူစတာ ဖာဒက် စတီစီက ယင်းသို့ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ဆီးရီးယားပြည်တွင်းရေးကို မိမိတို့ ဝင်ရောက် မစွက်ဖက်လိုကြောင်း၊ ဆီးရီးယားပြဿနာကို ဒီမိုကရေစီနည်းကျ ပြည်သူ့ဆန္ဒနှင့်အညီ ဆီးရီးယားနိုင်ငံက ကိုယ်တိုင်ဖြေရှင်းသည်ကို မိမိတို့ မြင်တွေ့လိုကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ထို့ကြောင့် ဆီးရီးယားအရေးတွင် သတိထား ရပ်တည်ရန် တူရကီအစိုးရအား ၎င်းက သတိပေးလိုက်သည်။ အက်စ်ပီ ခေါင်းဆောင် မူစတာဖာကာမာလက်ကလည်း ဆီးရီးယားအရေးတွင် အီရတ်အဖြစ်မျိုး မကြုံရစေရန် သတိပေးပြောကြားသည်။

တရုတ်အလယ်ပိုင်း ဟူနန်ပြည်နယ်ရှိ မိုင်းတွင်းတစ်ခုအတွင်း၌ မတော်တဆမှုဖြစ်ပွား

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်ခု၏ ဥမင်လိုဏ်ဂူအတွင်း၌ ဖေဖော်ဝါရီ ၁၆ ရက်အစောပိုင်းက ဓာတ်ရထားတစ်စင်းလမ်းချော်မှုဖြစ်ပွားပြီးနောက် မိုင်းလုပ်သား ၁၅ ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ မိုင်းအလုပ်သမားများတင်ဆောင်လာသည့် အဆိုပါဓာတ်ရထားသည် တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် လီယန်မြို့နန်ယန်းဆင်ခြေဖုံးရှိ ကျောက်မီးသွေး မိုင်းတွင်းတစ်ခုအတွင်း မတော်တဆမှုကြောင့် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်က လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသေးစိတ်ကိုမူ ချက်ချင်းထုတ်ပြန်မှုမရှိသေးကြောင်း သတင်းတွင် ဖော်ပြထားသည်။ (အင်တာနက်)

မန္တလေးတိုင်းဒေသကြီး အကြိမ်(၃၀)မြောက် ဓမ္မာစရိယနှင့် ပထမပြန် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှူဒါန်းပူဇော်သည့် အကြိမ်(၃၀) မြောက် ဓမ္မာစရိယနှင့်ပထမပြန် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယံဘုံသာ အတုမရှိ ကျောင်းတော်ကြီး၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေး ထွန်းနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်တို့ တက်ရောက်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ အောင်လက်မှတ်နှင့် လှူဒါန်းဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဆွမ်းအလှူရှင် သီဟသုဓမ္မမဏိဇောတဓရ ဦးခင်မောင်-ဒေါ်စန်းရီ (မနောသုခသစ်သီးပွဲရုံ) မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အကြိမ်(၃၀)မြောက် ဓမ္မာစရိယနှင့် ပထမပြန် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို အတုမရှိ ကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တအဂ္ဂိယ မဟာထေရ်၊ နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသတို့အမှူးပြုသော နာယကဆရာတော်ကြီး ၁၆ ပါးနှင့် ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ပရိသတ်များသည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်က သာရဏီယဩဝါဒကထာကိုမြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ပထမပြန်စာမေးပွဲအထူးအောင် (ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်) ၁၂ ပါး၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ အထူးအောင် (ရဟန်း၊ သီလရှင်) ၂၄ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အထူးအောင် ကိုးဦး၊ ဓမ္မာစရိယ ပါဠိဂုဏ်ထူးအောင် နှစ်ပါး၊ ဓမ္မာစရိယဘွဲ့ခံစာအောင် (ရဟန်း၊ သီလရှင်) ၅၅၃ ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် အကြိမ်(၃၀) မြောက် ဓမ္မာစရိယနှင့် ပထမပြန် မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆရာတော်များအား အောင်လက်မှတ်ဆက်ကပ်စဉ်။ (သတင်းစဉ်)

ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ နစ်နာဆုံးရှုံးခဲ့ရသည့် လူမှုစီးပွားဘဝများကို မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်းပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ ရောဘတ်ကျောင်း၌ မန်စီ၊ မိုးမောက်၊ ဒေါ့ဖုန်းယန်နှင့် ဝိုင်းမော်မြို့နယ်တို့မှ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာကြသည့် တိုင်းရင်းသားမိသားစုများအား ပြည်နယ်အစိုးရနှင့် NGO အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများအပေါ် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပြည်နယ်အတွင်း တဖြည်းဖြည်း ရရှိလာပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ အချိန်တိုအတွင်း ထိရောက်စွာ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ နစ်နာဆုံးရှုံးခဲ့ရသည့် လူမှုစီးပွားဘဝများကို မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ လူမှုစီးပွားများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားမိသားစုများ ခေတ္တတည်းခိုနေထိုင်စဉ် အသက်အရွယ်အလိုက် ကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် အမျိုးသမီးသက်မွေးမှုပညာရပ်များကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သင်ကြားပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာသူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပြည်နယ်ငြိမ်းချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်သည်များအပေါ် ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသား မိသားစုများထံ ပေးအပ်ကြသည်။

ထို့နောက် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ) ကွင်းဆင်းဆောင်ရွက်ပေးနေမှုနှင့် တည်းခိုနေထိုင်ရေးစခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသား မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ ရောဘတ် ကျောင်း၌ မန်စီ၊ မိုးမောက်၊ ဒေါ့ ဖုန်း ယန် နှင့် ဝိုင်းမော်မြို့နယ် တို့မှ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်း လာကြသည့် တိုင်းရင်းသား မိသားစုများ အတွက် ထောက် ပံ့ ငွေ များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ အခမ်းအနား မူဆယ်မြို့၌ ကျင်းပ

မူဆယ် ဖေဖော်ဝါရီ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်းကြီးတွင် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ပြည်ထောင်စုနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက ဖတ်ကြားသည်။ ဆက်လက်၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကြသည့် ကျောင်းသား ကျောင်းသူများအား အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြပြီး အားကစားပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရှိရသည်။ (၁၄၃)

မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၉ ရက်က မဲထော်သလေးကျေးရွာအုပ်စုမှ ပြည်သူ ၁၀၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မီးလောင်မှုသတင်း

ပြွန်တန်ဆာ၌ မီးလောင်မှုဖြစ်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၁)ရပ်ကွက် ဒေါက်တာဘသန်းလမ်းရှိ ဈေးရောင်းသည့်နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မီးဖို မီးကြွင်းမီးကျန်မှနေပြီး စတင်လောင်ကျွမ်းခဲ့ရာ အနီးရှိ နေအိမ်တစ်လုံးပါ မီးလောင်ကျွမ်းခဲ့သည်။ **(အပေါ်ပုံ)**

ထိုမီးလောင်မှုကို ပြွန်တန်ဆာမီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ညောင်လေးပင်မြို့မှ မီးသတ်ယာဉ်တစ်စီးနှင့် သန္ဓေမီးသတ်များ၊ အရန်မီးသတ်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၁၂နာရီကျော်၌ မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ **ခင်မောင်လွင် (ညောင်လေးပင်)**

ဟင်းချက်ပြုတ်ရန် ဆီသတ်ရာမှ မီးလောင် တာမွေမြို့နယ်၌ နေအိမ်အချို့မီးထဲပါ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် ၁၆၄ လမ်းရှိ နေအိမ်တစ်အိမ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီအချိန်က ထမင်းဟင်းရောင်းချရန်ချက်ပြုတ်ရာမှ ဆီသတ်စဉ် ရုတ်တရက်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

မီးလောင်ကျွမ်းမှုကြောင့် နေအိမ်အချို့မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ရာသို့ မီးသတ်ယာဉ်နှင့် အုပ်ချုပ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းမီးငြှိမ်းသတ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၄)

စက်၊ ယာဉ်၊ ယန္တရားများစာရင်းအား စနစ်တကျပြုစုထားရှိဆောင်ရွက် စက်မောင်း/ယာဉ်မောင်းများ၊ စက်ပြင်များကို တာဝန်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရားတပ်ခွဲ (တောင်)သို့ရောက်ရှိရာ အစည်းအဝေးခန်းမဆောင်၌တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများ၊ အထူးအဖွဲ့များအား ခွဲဝေပေးထားသည့် စက်၊ ယာဉ်၊ ယန္တရားများ စာရင်းအား စနစ်တကျပြုစုထားရှိရန်၊ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းကိုလည်း အထူးအလေးထားဆောင်ရွက်ရန်၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် စက်အရန်ပစ္စည်းများကို မီးဘေးအန္တရာယ် ကင်းရှင်းအောင်ထားရှိရန်၊ ဌာနမှ ငွေကြေးအမြောက်အမြား အကုန်အကျခံ ဝယ်ယူထားသည့် စက်ပစ္စည်းများကို တန်ဖိုးထားသုံးစွဲရန်၊ စက်ယာဉ်အရေအတွက်အလိုက် စက်မောင်း/ယာဉ်မောင်းများ၊ စက်ပြင်များကို ဖွဲ့စည်းပုံအတိုင်း စိစစ်တာဝန်ပေးအပ်ရန် မှာကြားသည်။

စမ်းသပ်မောင်းနှင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရားတပ်ခွဲ (တောင်) ဝင်းအတွင်း နိုင်ငံခြားငွေဖြင့် ဝယ်ယူထားသည့် KOBELCO BMS 800 Crawler Crane (80 TONS) နှစ်စီးအနက် ပထမတစ်စီးရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ်မောင်းနှင်နေမှု၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ပြည်တွင်းမှ ဝယ်ယူထားသည့် လမ်းကြိတ်စက် MRR- 2125 ၂၅ တန် ၁၄ စီး MM2R-1012 ၁၂တန် အစီး ၂၀ ၊ M12-C-14 တုန်ခါမှုပါ ၁၄ တန် ၁၂ စီး၊ M12E-35M မြေတူး ကော်တင်စက်အသေး ၁၆ စီး စုစုပေါင်း ၆၂ စီးကို စက်များ အသုတ်အလိုက် ဝယ်ယူရောက်ရှိမှုနှင့် လုပ်ငန်းခွင်များသို့ ခွဲဝေပေးမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ယန္တရားတပ်ခွဲ(တောင်)တွင် ဝယ်ယူထားသည့် လမ်းကြိတ်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တတိယအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 3rd Traditional Medicine Research Congress

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ (၂၁ မှ ၂၂) ရက်နေ့အထိ

မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ

ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးမှုများကို နှစ်ဖက်အပြည့်အဝငြိမ်းချမ်းရေးရယူချိန်၌ အချိန်တိုအတွင်း ပြန်လည်ထူထောင်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ ဝိုင်းမော်မြို့မ နှစ်ခြင်းအသင်းတော်၌ မြို့မ နှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ပေါ်နှစ်ခြင်းနှင့် လော်ပေါ်အေဂျီ တည်းခိုရေးစခန်းများတွင်နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား တွေ့ဆုံသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



ညှိနှိုင်းဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယခုအချိန်တွင် နှစ်ဖက်အပစ်အခတ် ရပ်စဲရေးဆွေးနွေးမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပြည်နယ်အတွင်း တဖြည်းဖြည်းရရှိလာနေပြီဖြစ်ကြောင်း၊ မကြာမီအချိန်ကာလအတွင်း ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်ဖက်အပြည့်အဝအပစ်အခတ် ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်အောင် စီစဉ်လျက်ရှိကြောင်း၊ ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ နစ်နာဆုံးရှုံးခဲ့ရသည့် လူမှုစီးပွားဘဝများကို မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ဒေသခံတိုင်းရင်းသားမိသားစုများ၏ ဆန္ဒနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပဋိပက္ခများကြောင့် တိုင်းရင်းသား မိသားစုများ၏ လူမှုစီးပွားဘဝပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက နှစ်ဖက်အပြည့်အဝငြိမ်းချမ်းရေး ရယူနိုင်ချိန်၌ အချိန်တိုအတွင်း ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမိသားစုများအနေဖြင့် ခေတ္တတည်းခိုနေထိုင်ရသည့် နေရာများတွင် အပြည့်အဝအနားယူ အားမွေးထားပါက ငြိမ်းချမ်းရေးရရှိချိန်၌ မိမိတို့လုပ်ငန်းခွင်တွင် ခွန်အားအပြည့်ဖြင့် မူလထက်နှစ်ဆဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာသူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပြည်နယ်ငြိမ်းချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်သည်များအပေါ် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားမိသားစုများက ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲများနှင့်ဆန္ဒများကို ရင်းနှီးပွင့်လင်းစွာတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသား မိသားစုများထံပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ) ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသား မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် အမှတ်(၂)ရပ်ကွက် ဝိုင်းမော်နယ် နှစ်ခြင်းခရစ်ယာန်အဖွဲ့ရုံးတွင် ကက်သလစ်နှင့် မဒိန်တည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ဝန်ကြီးဌာနများနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းထောက်ပံ့ငွေများ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ တစ်လစာရိက္ခာများကို ဒေသခံ တိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ မာရ်အောင်ဗမာရုံတွင် နောင်ဟီးနှင့် မုတ်လွဲ(ခါးရှီ) တည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းတို့က လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ လီဆူနှစ်ခြင်းတည်းခိုရေးစခန်းနှင့် စိန့်ဂျိုးဇက်ယာယီတည်းခိုရေးစခန်းတို့တွင်သာဂရသက်တော်ကျောင်း၊ အင်းလေး (နောင်စီပေါ်)၊ မိုင်းနားလဝမ်ကထောင်၊မိုင်းနားအေဂျီအသင်းတည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံအားပေး၍ SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြကာ ဒေသခံတိုင်းရင်းသား မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဗ္ဗသီရိမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်း အကွက်(၁၆)ရှိ ဆောင်းသဇင်ဟိုတယ်၏ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဟိုတယ်တာဝန်ခံ ဒေါ်နန်းသူဇာမြင့်က ဟိုတယ်ဆောက်လုပ်ထားရှိမှု၊ မီးဘေးကာကွယ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ အရေးပေါ် ရေရရှိမှုနှင့် မီးသတ်ယာဉ်၊ ဝင်လမ်း၊ ထွက်လမ်းများကို ရှင်းလင်းပြသသည်။

ထို့နောက် ဟိုတယ်ခန်းမ၌ မီးသတ်ဦးစီးမှူးဦးစိုးသန်းက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းတာဝန်များ၊ မီးဘေးအန္တရာယ်အစဉ်သတိရှိရေးနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးပြီး ဟိုတယ်ရှေ့ မြေကွက်လပ်၌ ဆီမီးလောင်မှုကို ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့ မီးငြိမ်းသတ်မှု သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

စီးပွားရေးတက္ကသိုလ် (၁၉၉၄-၉၅)ဘွဲ့ရများ၏ (၁၆)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ် (၁) အမှတ် ၄/၆/၁၉၅၄ ရှိ လင်းရောင်နီခန်းမ၌ ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသက်ဦးက အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုတစ်ဝန်းမှ မြန်မာနိုင်ငံတောင်ဘက်ဖျားသို့ လွယ်ကူစွာသွားလာနိုင်သည့်

သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)

တံတားအချက်အလက်များ

၁။ ပင်မတံတား ၇၆၉၉ ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား ၂၂၅၂ ပေ စုစုပေါင်း ကားလမ်းတံတားအရှည် ၁၁၅၇၅ ပေရှိသည်။

၂။ သံလွင်တံတား(မော်လမြိုင်)မှာ ရထားလမ်းတစ်လမ်းနှင့် ကားလမ်း နှစ်လမ်းယှဉ်လျက်ရှိသော တံတားဖြစ်သည်။ ရထားလမ်းရော ကားလမ်း ပါ တံတားသံပေါင်အတွင်း ထည့်သွင်းတည်ဆောက်ထားသည်။

၃။ အပေါ်ထည်မှာ သံမဏိသံပေါင် + သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်ပြီး အောက်ထည်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစား ဖြစ်သည်။

၄။ တံတား၏ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး ရထားလမ်းအကျယ်မှာ ၁၄ ပေရှိသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

၅။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၃၂၈ ပေနှင့် အမြင့် ၄၆ ပေ ရှိသည်။

၆။ တံတားတည်ဆောက်ရေးစီမံကိန်းကို ၁၈-၃-၂၀၀၀ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၇-၁၂-၂၀၀၄ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ၅-၂-၂၀၀၅ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။



* သံလွင်တံတား(မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းလမ်းပေါ်၌ တည်ရှိသည်။
* မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတို့ကြား၌ တည်ရှိသည်။ ခေါင်းဆေးကျွန်းအနီး ရေစီးသန်ပြီး လှိုင်းဝဲဂယက်များ အလွန်ထန်သည့်နေရာ၌ တည်ဆောက်ထားသည်။
* မြန်မာနိုင်ငံ၌ အရှည်လျားဆုံးစာရင်းဝင် တံတားတစ်စင်းဖြစ်သည်။ ရေလယ်တိုင်အောက်ခြေ အုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘိုးပိုင် ၂၈ လုံးတွဲ Caisson Type Foundation နည်းကို မြန်မာနိုင်ငံ၌ ပထမဆုံး စတင်အသုံးပြုခဲ့သည့် တံတားဖြစ်သည်။
* နိုင်ငံတော်၏ တောင်ဘက်ဖျား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ မော်တော်ကားများ မော်လမြိုင်တံတားကြီးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ လွယ်လင့်တကူ ခရီးဆက်နိုင်ပြီဖြစ်သည်။ ဒေသအားလုံး တစ်ဆက်တစ်စပ်တည်းရှိလာ၍ စီးပွားရေး၊ လူမှုရေးတိုးတက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော တံတားကြီးဖြစ်သည်။



သတင်းမှတ်စု - မောင်ငြိမ်းအေး



20-2 (07).pmd 1 2/20/2012, 2:19 AM

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ (၂၈၈) ဧက စိုက်ကွင်း၌ မြေယာပြုပြင်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

❒ ***ရှေ့ဖုံးမှ***

အလျှင်လိုကျေးရွာနှင့် မဲဇလီကုန်းကျေးရွာတို့မှ တောင်သူများနှင့် ဒေသခံပြည်သူများ၊ ကောက်စိုက်လုံမေများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အလျှင်လိုကျေးရွာမှ တောင်သူများပိုင်ဆိုင်သည့် လယ်မြေ (၃၆၉) ဧက၌ ပုလဲသွယ်စပ်မျိုးစပါးများအား ထွန်တုံးပိတ်စိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ရောဟဏ်ဆန်စပါး အထူးပြုကုမ္ပဏီ ဒါရိုက်တာ ဦးရဲမင်းအောင်က ပုလဲသွယ်စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာမှုအခြေအနေ၊ တောင်သူများသို့ စပါးကြိုတင်ဝယ်ယူသည့် စနစ်ဖြင့် ငွေထုတ်ပေးနေမှုနှင့် နေပြည်တော်တွင် ခေတ်မီဆန်စက် တည်ဆောက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူ နှစ်ဦးတို့က စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နိုင်ငံတော်ကပံ့ပိုးပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် ဆန်စပါးအထူးပြု ကုမ္ပဏီများ ပေါင်းစပ်ညှိနှိုင်း၍ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရ၍ များစွာအားတက်မိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံအဆင့်သာ တည်ရှိနေသေးကြောင်း၊ စက်မှုကဏ္ဍ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်သော်လည်း လောလောဆယ်တွင် စိုက်ပျိုးရေးကိုသာ အဓိကထားဆောင်ရွက်နေရကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးလာရန်အတွက် တိုးတက်ကောင်းမွန်သည့် ပြောင်းလဲမှုဖြင့် ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်ကကဲ့သို့ စိုက်ပျိုးလုပ်ကိုင်ပါက ယခင်ကအတိုင်း တိုးတက်မှု ရရှိလာမည်မဟုတ်ကြောင်း၊ တိုးတက်လာရန်အတွက် သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကိုင်နေရုံမျှဖြင့် မရနိုင်ဘဲ ပြောင်းလဲ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ပထမဦးစွာ မိမိတို့၏ စိတ်ဓာတ်ကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကို ပြုပြင်ပါက လုပ်ဆောင်ချက်က ထက်ကြပ်မကွာ လိုက်ပါလာမည်သာဖြစ်ကြောင်း၊ ရှေးယခင်က မြန်မာနိုင်ငံသည် အာရှ၌ ဆန်အများဆုံး တင်ပို့သည့်နိုင်ငံ ဖြစ်ခဲ့သော်လည်း ယခုအခါတွင် ဆန်တင်ပို့မှု နည်းပါးသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍နေကြောင်း၊ မိမိနိုင်ငံထက် ဧရိယာအကျယ်အဝန်း ငယ်သော ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က ဆန်အများဆုံး တင်ပို့နေကြပြီး တင်ပို့မှု အရေအတွက်များရုံသာမက အရည်အသွေးလည်း ကောင်းမွန်သဖြင့် ကမ္ဘာတွင် လူကြိုက်များလျက်ရှိကြောင်း၊ မိမိတို့တွင် သင့်တင့်မျှတသည့် ရာသီဥတုရှိပြီး ရေသယံဇာတလည်း ပေါကြွယ်ဝလျက်ရှိကြောင်း၊ ထို့အပြင် လယ်ယာမြေများမှာ မြေဩဇာကောင်းမွန်နေသေးသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ နိုင်ငံအနေဖြင့် စားနပ်ရိက္ခာဖူလုံရုံသာမက ပြည်ပသို့ တင်ပို့နိုင်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုးတက်ထုတ်လုပ်

လူတစ်ယောက်၏ဘဝတွင် စားဝတ်နေရေး ပြည့်စုံဖူလုံရန်မှာ အရေးကြီးပါကြောင်း၊ ဝတ်ရေးနှင့် နေရေးမှာ နေ့စဉ်မပူပင်ရသော်လည်း စားရေးအတွက်ကိုမူ နေ့စဉ်နှင့်အမျှ ပူပင်နေကြရပါကြောင်း၊ ယခုအခါတွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၇၀၀၀ အထိ ရှိလာပြီဖြစ်ပြီး ကမ္ဘာမြေ၏ အရွယ်အစားမှာ ပြောင်းလဲလာခြင်း မရှိကြောင်း၊ သို့ဖြစ်ရာ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာကို ယခင်ကထက် နှစ်ဆ၊ သုံးဆ တိုးတက်ထုတ်လုပ်လာရပါကြောင်း။

စိတ်ဓာတ် ပြောင်းလဲသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာကိုလည်း ပြောင်းလဲရမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း၌ လယ်ယာကွက်များမှာ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသဖြင့် ဧရိယာအကျယ်အဝန်းကို စာရင်းအတိအကျ ကောက်ယူရာတွင် ခက်ခဲပါကြောင်း၊ လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် လယ်ယာမြေ ပြုပြင်ပြောင်းလဲမှုကို ဦးစွာလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပြုပြင်ရာတွင် ကုန်ထုတ်လမ်းကြောင်း ဖောက်လုပ်ပေးရမည်ဖြစ်ပြီး ယင်းကုန်ထုတ်လမ်းဘေးနှစ်ဖက်၌ ရေမြောင်းများဖောက်လုပ်၍ လယ်မြေကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းဝဲယာတွင် အရွယ်အစား တိကျသော ဧကကွက်များ ဖော်ထုတ်စိုက်ပျိုးမှသာ လယ်ယာမြေစာရင်း တိကျမှန်ကန်ပြီး လယ်ယာသုံးစက်ကိရိယာများဖြင့်လည်း အလွယ်တကူ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်မည် ဖြစ်ကြောင်း။

အလားတူ လယ်ယာလုပ်သားရှားပါးလာမှုအား ကုစားနိုင်ရန်အတွက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းရမည်ဖြစ်ကြောင်း၊ လူအင်အားဖြင့် သမားရိုးကျ စိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့သည့်နည်းမှာ ကုန်ကျစရိတ်ပိုမိုများပြားပြီး သီးနှံလေလွင့်ဆုံးရှုံးမှုလည်း များပြားပါကြောင်း၊ တစ်ဧကလျှင် စပါးခြောက်တင်းနှုန်းခန့် လေလွင့်သဖြင့် တစ်နိုင်ငံလုံးရှိ စိုက်ဧက ၁၇ သန်းဖြင့် တွက်ချက်ပါက လေလွင့်ဆုံးရှုံးမှုပမာဏမှာ လွန်စွာကြီးမားပါကြောင်း၊ စက်ကိရိယာဖြင့် ထွန်ယက်စိုက်ပျိုးပြီး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပါက ကုန်ကျစရိတ်လည်း ထက်ဝက်နီးပါးသက်သာ၍ အလေအလွင့်နည်းပါးပြီး သန့်စင်သောစပါးကိုလည်း ရရှိမည်ဖြစ်ကြောင်း။

ထို့အတူ အထွက်တိုးမျိုးကောင်းမျိုးသန့်ကိုလည်း ရွေးချယ်စိုက်ပျိုးရမည် ဖြစ်ကြောင်း၊ နိုင်ငံအချို့တွင် တစ်ဧကစပါးတင်း ၂၀၀ ထွက်ရှိနေချိန်၌ မိမိတို့နိုင်ငံတွင် တစ်ဧက ပျမ်းမျှတင်း ၆၀၊၇၀ခန့်သာ ထွက်ရှိနေသေးကြောင်း၊ အထွက်လည်း တိုး၊ စား၍လည်းကောင်း၊ ပြည်ပဈေးကွက်လည်း ဝင်ဆံ့သည့် စပ်မျိုးစပါးကို ပြောင်းလဲ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်ပြောင်းလဲမှုနှင့် အထွက်တိုးမျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှုတို့ကို ဆောင်ရွက်မှသာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲ

ယနေ့အချိန်တွင် မိမိတို့နိုင်ငံက နှစ်စဉ် ပြည်ပနိုင်ငံသို့ ဆန်တင်ပို့မှုမှာ တန်ချိန် တစ်သန်းပင်မပြည့်သေးကြောင်း၊ ဆန်စပါးဖူလုံရုံသာမက ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင်တိုးတက်လာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစေရန်လည်း မြော်တွေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံစေရန် တစ်ကမ္ဘာလုံးက စိုးရိမ်နေရပါကြောင်း၊ Food Security အတွက် နိုင်ငံအားလုံးက စဉ်းစားဆောင်ရွက်နေရပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် သာမန်စိုက်ပျိုးထုတ်လုပ်ရုံဖြင့် မရတော့ဘဲ မိမိတို့ကိုယ်တိုင် အမြန်ပြုပြင် ပြောင်းလဲဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယင်းကဏ္ဍမှ ရရှိလာသည့် အရင်းအနှီးများဖြင့် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကို အခြေခံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အတွေးအခေါ်၊ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်များ ပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက လေ့လာရေး ရောက်ရှိနေကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးများကို အခမဲ့ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း (၃၆၉) ဧကစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား တူညီဝတ်စုံများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ (၂၈၈) ဧကစိုက်ကွင်းသို့ ရောက်ရှိပြီး မြေယာပြုပြင်ပြီးစီးမှုနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Advanced Agriculture Engineering Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကြည်စိန်က မြေယာပြုပြင်ပြီးစီးမှုအခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လယ်ယာများတွင် မြေအောင်းပိုးများ

ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း (၃၆၉)ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးများ ထွန်တုံးပိတ်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့် လယ်ယာမြေဧက (၁၀၀) စိုက်ကွင်း၌ ခင်းကျင်း ပြသထားသည့် ခေတ်မီ လယ်ယာသုံးစက်ကိရိယာများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူ... ဒေသရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့်လ... စိုက်ကွင်း၌ ပျိုးဗန်းစနစ်ဖြင့် စပါးမျိုးများ ပျိုး... အားပေးစဉ်။

အခြေခံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အားကြိုးမာန်တက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အတွေးအခေါ်၊ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်များ ပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက လေ့လာရေး ရောက်ရှိနေကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးများကို အခမဲ့ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်းကျရောက်မှုအား ထိရောက်စွာကာကွယ်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း (၃၆၉) ဧက စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် စင်ကာပူနိုင်ငံ International Enterprise Singapore (IE Singapore)နှင့် Singapore Business Federation (SBF) တို့ ပူးပေါင်း၍ မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က နေပြည်တော် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် Singapore Business Federation ဥက္ကဋ္ဌ Mr.Tony Chew နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက စာတမ်းများ တင်ပြကြသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ စာတမ်းရှင်များက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေး အခွင့်အလမ်းများနှင့်စပ်လျဉ်းသည့် စာတမ်းကိုးစောင်ကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

မ. ထ. သ(ဗဟို) အနေဖြင့် သက်ဆိုင်ရာ ယာဉ်လိုင်းမှ တာဝန်ရှိသူများပါဝင်လျက် အထူးစစ်ဆေးရေးအဖွဲ့ရှစ်ဖွဲ့က ယာဉ်လိုင်းအသီးသီးသို့ ကွင်းဆင်းကာ ခရီးသည်များ၏အသံကို နားဆင်ကူညီစစ်ဆေးအရေးယူမှုများ ပြုလုပ်နေပြီဖြစ်သည်။ လူအမျိုးမျိုး စိတ်အထွေထွေဆိုသည့်နှယ် ယာဉ်လိုင်းမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အနေဖြင့် အများနှင့် ဆက်ဆံနေရသည့်အတွက် အမှားများ များစွာရှိနေနိုင်ပါသည်။

သို့ပါသော်လည်း ယာဉ်လိုင်းခရီးသည်များဘက်ကလည်း နားလည်မှုများ၊ လွဲမှားမှုများ ရှိကောင်းရှိနိုင်ပါသည်။

သို့အတွက် ယခုအခါ မထသ (ဗဟို)မှ စစ်ဆေးရေးအဖွဲ့များသည် မြို့တွင်း ပြေးဆွဲနေသော ယာဉ်လိုင်းများပေါ်တွင် ခရီးသည်အသွင်ဖြင့် လိုက်ပါစီးနင်းရင်း ခရီးသည်များ၏ အသံကို တိုက်ရိုက်နားထောင်ပြီး စစ်ဆေး အရေးယူလျက်ရှိနေပြီဖြစ်သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နေ့စဉ် ရုံးသွားရုံးပြန် လိုင်းကားစီးနေရသော ဝန်ထမ်းအမျိုးသမီးတစ်ဦးက "ကောင်းပါတယ်။ အချို့ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေဆိုရိုင်းတာတွေရှိပါတယ်။ ဒါပေမယ့် အချို့ကိစ္စတွေမှာ ခရီးသည်ဘက်ကလွန်တာတွေလည်းရှိပါတယ်။ ဘာပဲဖြစ်ဖြစ် မထသ က တာဝန်ရှိသူတွေကိုယ်တိုင် ခရီးသည်တွေကြားကွင်းဆင်းကူညီနေပြီဆိုတော့ အားလုံးအတွက် ကောင်းတာပေါ့" ဟု သူ့အတွေ့အကြုံနှင့်ယှဉ်၍ ပြောပြသည်။

မထသ (ဗဟို) ကွပ်ကဲမှုအောက်တွင် ယာဉ်လိုင်းကြီး (၁၇)လိုင်းရှိပြီး မထသ (မြို့တွင်း)၊ မထသ (အဝေးပြေး)ဟူ၍ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့်လယ်ယာမြေဧက (၁၀၀) စိုက်ကွင်း၌ ပျိုးဗန်းစနစ်ဖြင့် စပါးမျိုးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

(၃၆၉) ဧကစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား တူညီဝတ်စုံများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ (၂၈၈) ဧကစိုက်ကွင်းသို့ ရောက်ရှိပြီး မြေယာပြုပြင်ပြီးစီးမှုနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Advanced Agriculture Engineering Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကြည်စိန်က မြေယာပြုပြင်ပြီးစီးမှုအခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လယ်ယာများတွင် မြေအောင်းပိုးများ တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဒေသခံတောင်သူများအား နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့်လယ်ယာမြေ ဧက (၁၀၀) စိုက်ကွင်းသို့ရောက်ရှိပြီး ပျိုးဗန်းဖြင့် စပါးမျိုးများ စနစ်တကျ ပျိုးထောင်ထားမှု၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ခင်းကျင်းပြသထားမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး လေးမျိုးအား မျိုးယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပဈေးကွက် ရရှိရေးတို့အတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပသည့် မိုင်းလုံးရေလှောင်ကန်ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရဝန်ကြီးချုပ် ဦးခင်မောင်ဦး (ခ) ဦးဘူးရယ်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးတို့အဖွဲ့က ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

ဘဝအမောပြေ ဖြစ်ရလေ

အာကာဟိန်း ရေးသားသည်

ဆံပင်ပုံစံနှင့် အဝတ်အစားဒီဇိုင်း ဆန်းဆန်းပြားပြား ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး ကားလမ်းဖြတ်ကူးလာသည်ကိုကြည့်ပြီး အမျိုးသားတစ်ဦးက အနီးရှိ အမျိုးသားတစ်ဦးအား ပြောကြားလေသည်။

ပထမအမျိုးသား ။ ။ မိတ်ဆွေ…ဟိုမိန်းကလေးကို ကြည့်စမ်း၊ ဆံပင်ပုံစံနဲ့ ဝတ်စားထားတဲ့ အင်္ကျီ၊ ဘောင်းဘီ ဒီဇိုင်းတွေကလည်း ကလက်လိုက်တာဗျာ။ အခုခေတ် မိန်းကလေးတွေများခက်ပါ့။

ဒုတိယအမျိုးသား ။ ။ ဩော်. . . အဲဒါ မိန်းကလေးမဟုတ်ဘူး၊ ယောကျ်ားလေးပါ။ ကျွန်တော့် သားလေးပါဗျာ. . . ။

ပထမအမျိုးသား ။ ။ ဟုတ်လား‥အားနာလိုက်တာဗျာ…။ ခင်ဗျားကို သူ့အဖေမှန်းမသိလို့ ပြောမိလိုက်တာပါ။

ဒုတိယအမျိုးသား ။ ။ ကိစ္စမရှိပါဘူး. . ရပါတယ်။ ကျွန်တော်က သူ့အဖေမဟုတ်ပါဘူး။ သူ့အမေပါ။

ပထမအမျိုးသား ။ ။ "ဗျာ"

❍ ကျောဖုံးမှ

ရရှိသွားခဲ့သည်။ အကောင်းဆုံး Silver Bear အမျိုးသမီးဇာတ်ဆောင်ဆုကို ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံမှ ရုပ်ရှင်မင်းသမီး ရာချယ်အမ်ဝမ်ဇာက War Witch ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။

အကောင်းဆုံး Golden Bear ရုပ်ရှင်ဇာတ်ကားတိုဆုကို ပေါ်တူဂီရုပ်ရှင် Rafa ဇာတ်ကားက ဆွတ်ခူးရရှိခဲ့သည်။

ထို့အပြင် အကောင်းဆုံး Golden Bear တစ်သက်တာ အအောင်မြင်ဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို အသက် ၆၃ နှစ်အရွယ်ရှိ အမေရိကန်ရုပ်ရှင်မင်းသမီးကြီး မာရယ်စတိပ်က ဆွတ်ခူးရရှိသွားခဲ့သည်။ မာရယ်စတိပ်သည် အသက် ၁၃ နှစ်အရွယ်မှစတင်ကာ ကလေးသရုပ်ဆောင်အဖြစ် ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့ပြီး ကမ္ဘာကျော်ဇာတ်ကားများဖြစ်သော The Iron Lady၊ Angels in America၊ Kramer Vs Kramer၊ Silkwood နှင့် A Prairie Home Companion ဇာတ်ကားများ၌ ပြောင်မြောက်စွာသရုပ်ဆောင်ခဲ့သူတစ်ဦး ဖြစ်သည်။

ဘာလင်ရုပ်ရှင်ပွဲတော်ကို ၁၉၅၁ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး Golden Bear နှင့် Golden Silver ဆုများကို နိုင်ငံတကာရုပ်ရှင်ကားများမှ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည် ။ တစ်သက်တာ အအောင်မြင်ဆုံး သရုပ်ဆောင်ဆုကို ၁၉၈၂ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဖေဖော်ဝါရီ ၁၈ ရက်က ပုဗ္ဗသီရိမြို့နယ် အမက (၁၂၂) မူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအဆင့် ပထမဆု၊ အုပ်စုအဆင့် ပထမဆုနှင့် မြို့နယ်အဆင့် ဘက်စုံထူးချွန်ပထမဆုရ မဖြိုးသီရိကျော်အား မြို့နယ်ပညာရေးမှူး ကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးညွန့်မောင်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

◆ ကျောဖုံးမှ

နည်းပညာနှင့် တာဘိုင်စက်များ တည်ဆောက်မှုလုပ်ငန်းများကို ဗြိတိန်တို့က နိုင်ငံတကာသို့ ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်၌ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကလည်း ရေလှိုင်းနှင့် ဒီရေတို့ စွမ်းအင်မှ ဓာတ်အားထုတ်ယူရရှိရေးကို ဆောင်ရွက်ရန် စတင်လျက်ရှိပြီး အခြားကမ္ဘာ့နိုင်ငံများကလည်း စိတ်ဝင်စားလျက်ရှိကြသည်။ ရေလှိုင်းနှင့် ဒီရေတို့မှ ဓာတ်အားထုတ်ယူမှုသည် လောလောဆယ်၌ လေအားမှ ဓာတ်အားထုတ်ယူမှုထက် ကုန်ကျစရိတ်ငါးဆခန့် မြင့်မားနေသော်လည်း နောက်ပိုင်းတွင် နည်းပညာတိုးတက်လာမှုကြောင့် ကုန်ကျငွေ သက်သာမည်ဖြစ်သည်။

ထုတ်လုပ်ပေး

ဗြိတိန်နိုင်ငံတွင် ရေလှိုင်း၊ ဒီရေအားတို့မှ ထုတ်ယူရရှိသော ဓာတ်အားမှာ တစ်နှစ်လျှင် လက်ရှိဓာတ်အားသုံးစွဲမှု၏ ၆ ဒသမ ၈ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ဗြိတိန်နိုင်ငံ စတန်းဖိုဒ်အရပ်ကမ်းလွန်တွင် တည်ဆောက်ထားသော ရေလှိုင်းနှင့် ဒီရေစွမ်းအင်သုံး ဓာတ်အားထုတ်လုပ်ရေးမှ တစ်နှစ်လျှင် ဓာတ်အား နှစ်ဂီဂါဝပ်ထုတ်လုပ်ပေးလျက်ရှိသည်။

(အင်တာနက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၉

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီးနောက် စစ်တွေခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကဏ္ဍ (၈)ရပ်ကို မိမိတို့ဒေသအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသအလိုက်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီးနောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဝါးခယ်မမြို့နယ်၌ ဆိပ်ခံတံတားဖွင့်

ဝါးခယ်မ ဖေဖော်ဝါရီ ၁၉

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝါးခယ်မမြို့နယ် ဝဲကြီး စံပြကျေးရွာ မြရောဆိပ်ခံတံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။

မြရောတံတားသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

အဆိုပါ တံတားသစ်မှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး အလျား ၂၂ ပေ၊ အကျယ် ၁၆ ပေ ဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၈၀ ကျော်ဖြစ်ကာ ကွယ်လွန်သူ (အဘိုး ဦးပြုံး-အဘွား ဒေါ်စိန်ဖွား) တို့အားရည်စူး၍ ရန်ကုန်မြို့နေ (ဦးသိန်း လှိုင်)-ဒေါ်မြကျင် (မြမုန့်ဟင်းခါးလုပ်ငန်း) မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(၁၃၉)**

တာချီလိတ်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

တာချီလိတ် ဖေဖော်ဝါရီ ၁၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၇ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စီတုံကျေးရွာရှိ ဒေါ်နီနီစိုး၏စီးပွားဖြစ် စနစ်တကျမွေးမြူထားသော "ရွှေပြည်အိုး" မွေးမြူရေးခြံသို့သွားရောက်ကြည့်ရှုသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် ဒုတိယဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် အထောက်အကူပြုရန်၊ ဒေသအကျိုးဖြစ်ထွန်းမှုများ လုပ်ဆောင်ရန် မှာကြားသည်။ ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်၏ တင်ပြချက်အပေါ် ဒေသဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ယခုလက်ရှိ ဆောင်ရွက်နေမှုနှင့် နောင်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြန့်ဖြူးရောင်းချ

အဆိုပါ မွေးမြူရေးခြံမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဝက်သားပေါက်များကို တစ်နိုင်မွေးမြူသူများအား အကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် မြန်/ဆက်)**

မြွေဆိပ်ဖြေဆေးများ လပွတ္တာ၌ ပေးအပ်လှူဒါန်း

လပွတ္တာ ဖေဖော်ဝါရီ ၁၉

ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ပြည်သူများ ကျန်းမာရေးအသိပညာဗဟုသုတတိုးပွားရေး ရည်ရွယ်ချက်များဖြင့် လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ မြွေဆိပ်ဖြေဆေး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်က ဆွေးနွေးတင်ပြ၍ အလှူရှင်များကိုယ်စား အလှူရှင် လူမှုထူးချွန်တ/ဒု အဆင့်ရ ဦးမြဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်က မြွေအန္တရာယ်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက မြွေဆိပ်ဖြေဆေးအလုံး ၇၀ ပေးအပ်လှူဒါန်းရာ လပွတ္တာခရိုင် ခုတင်(၂၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာ စိန်လှိုင်က လက်ခံယူပြီး **(အောက်ပုံ)** အလှူရှင်များကိုယ်စား အလှူရှင် ဦးမြဦးက လှူဒါန်းခဲ့သည်။ အလှူရှင် ကိုးဦးက ကျေးလက်ဒေသများမှဆေးရုံသို့ဆေးဝါးကုသရာတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၄၉၅၀၀၀ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် မြန်/ဆက်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပ

ဒေးဒရဲ ဖေဖော်ဝါရီ ၁၉

ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဖလား ကျေးရွာအုပ်စုပေါင်းစုံ (အကြီးတန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်းသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ရွှေက အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပွဲစဉ်ပထမနေ့အဖြစ် တော်ဖရုံကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် အုန်းပင်ကျေးရွာအုပ်စု ဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားရာ အုန်းပင်ကျေးရွာအုပ်စု ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် မြန်/ဆက်)**

နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ထူးချွန်သောမြန်မာနိုင်ငံဂုဏ်ဆောင်ဂေါက်သီးရိုက် အားကစားသမားများ ထွက်ပေါ်လာစေရေးရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ သီရိမင်္ဂလာလမ်း အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (Y.C.D.C) လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားသော I Win Golf Academy မှ နွေရာသီမျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် အခြေခံဂေါက်ရိုက်နည်းစနစ်သင်တန်းနှင့် ကွင်းပတ်အဆင့် ဂေါက်သီးရိုက်နည်းစနစ်သင်တန်းတို့ပါဝင်ပြီး ၁၀ နှစ်မှ ၁၈ နှစ်အကြား လူငယ်မောင်မယ်များအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းသင်တန်းများကို ထိပ်တန်းနည်းပြဆရာဖြစ်သော ဦးဆန်းထွန်း (PGA Professional) ဦးဆောင်သည့် နည်းပြအဖွဲ့က စာတွေ့လက်တွေ့အဆင့်မြင့်မားစွာ သင်ကြားပေးမည်ဖြစ်သဖြင့် မြို့တော်ဂေါက်ကွင်းလေ့ကျင့်ရေးကွင်း ဖုန်း-၀၉-၄၉၂၇၃၅၀၅ နှင့် ဖုန်း-၀၉-၅၁၇၈၂၇၄ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံကြက်တောင်ရိုက်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းကဦးစီး၍ အခြေခံကြက်တောင်ရိုက်နည်း သင်တန်းအမှတ်စဉ်(၁၁)ကို မတ် ၅ရက်(တနင်္လာနေ့)တွင် သင်တန်းစမည်ဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မကျောင်းသားကျောင်းသူ ဟောင်းအသင်းတိုက် သင်တန်းမှူး ဦးစိုး မြင့်(၄ကံ်ခါး) ဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အခြေခံတင်းနစ်နည်းပြသင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍အခြေခံတင်းနစ်နည်းပြသင်တန်း (Tennis Course for Beginning and Intermediate Level) ဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က အခြေခံတင်းနစ်နည်းပြ တစ်ဦး၏ တာဝန်နှင့်ဝတ္တရားများကိုလည်းကောင်း၊ လွယ်ကူစွာနားလည်နိုင်သော အခြေခံတင်းနစ်နည်းစနစ်များအကြောင်းကို လည်းကောင်း၊ အခြေခံကောင်းကောင်းနှင့် ပြင်းထန်စွာလေ့ကျင့်ကြရေးကိုလည်းကောင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(နည်းပြချုပ်) Mr.Robert Davis က တင်းနစ်နည်းပြသင်တန်း၌ အခြေခံမှ အဆင့်မြင့်ပို့ချခဲ့ပုံ၊ သင်တန်းပို့ချခဲ့သော တင်းနစ်နည်းစနစ်ပိုင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)** ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဦးမောင်မောင်လေး (JTI-Coordinator)နှင့် အဖွဲ့ချုပ် အမှုဆောင် ဦးတင်ထူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပညာလမ်းထိပ်ရှိ ရေမြောင်းဖွင့်ပေးပါ

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် အဆင့်မြင့်(၆)ရပ်ကွက် ပညာလမ်းသည် ရေမြောင်းကို ပိတ်ဆို့၍ ခင်းထားသောကြောင့် ရေကောင်းစွာ စီးဆင်းနိုင်မှုမရှိသဖြင့် လူသွားလမ်းပေါ်ရေကျော်သည့်အပြင်မြောင်းများပိတ်ဆို့သောကြောင့် ခြင်များပေါက်ပွားကာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လမ်းထိပ်ရှိ မူလရေမြောင်းကို ပြန်လည်ဖွင့်လှစ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

အရက်ဆီသိုလှောင်ရောင်းချခြင်း တားမြစ်ပေးပါ

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်-၉/ဒီ ဗိုလ်ချုပ်လမ်း ဗိုလ်ချုပ်(၁)ရပ်ကွက်အတွင်းတွင် အရက်ဆီသိုလှောင်ပြီး ရောင်းချဖြန့်ဖြူးလျက်ရှိသဖြင့် မီးလောင်မှုဖြစ်ပေါ်လာနိုင်သည့်အပြင် အရက်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် အရက်ဆီသိုလှောင်ရောင်းချခြင်းကို တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းပေါ်ရှိ ဆေးရုံတစ်ရုံမှ သစ်သားအိမ်သာနှင့် အမှိုက်ပုံမှအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

ကားဘော်ဒီရုံမှ ဆူညံသံ နားမခံနိုင်

စာတည်းရှင့်-

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁) ရပ်ကွက် ရန်ကင်းလမ်းသွယ် (၅)နှင့် အနော်ရထာလမ်းထောင့်ရှိ ကားဘော်ဒီရုံမှ ကားဘော်ဒီထုရိုက်သံ၊ ကားဆေးမှုတ်သံ၊ သံဂဟေဆက်သံများဆူညံနေသဖြင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါကားဘော်ဒီရုံကို သင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

နိုင်ငံတကာအနုပညာ

မိုးမြင့်လင်းလက်-ရေးသားသည်

အကောင်းဆုံးဒါရိုက်တာဆုရ ပေါလို နှင့် ဗစ်တာရီရို

တစ်သက်တာအမျိုးသမီး သရုပ်ဆောင်ဆုရ မာရယ်စတိပ်

အမျိုးသားသရုပ်ဆောင်ဆုရ မစ်ကယ်ဘိုးဖိုစဂတ်

(၆၂)ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော် Golden Bear ဆုချီးမြှင့် အီတလီ ဒါရိုက်တာနှင့် ဒိန်းမတ်ရုပ်ရှင်မင်းသားတို့ ဆွတ်ခူးရရှိ

ဘာလင် ဖေဖော်ဝါရီ ၁၉

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည့် (၆၂)ကြိမ်မြောက် ဘာလင်ရုပ်ရှင်ပွဲတော်၏ Golden Bear ဆုနှင့် Golden Silver ဆုများ ချီးမြှင့်ပွဲတွင် အီတလီရုပ်ရှင်ကား **Caesar Must Die** က အကောင်းဆုံး Golden Bear ရုပ်ရှင်ဇာတ်ကားဆု ဆွတ်ခူးရရှိသွားသည်။

ထို့အပြင် ယင်းဇာတ်ကားကို ရိုက်ကူးခဲ့သည့် အီတလီနိုင်ငံသား ဒါရိုက်တာနှစ်ဦးဖြစ်သော ပေါလိုနှင့် ဗစ်တာရီရိုတို့နှစ်ဦးက အကောင်းဆုံး Golden Bear ဒါရိုက်တာဆု ဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန်အကောင်းဆုံး Silver Bear အမျိုးသားသရုပ်ဆောင်ဆုကို ဒိန်းမတ်နိုင်ငံမှ ရုပ်ရှင်မင်းသားမစ်ကယ်ဘိုးဖိုစဂတ်က **A Royal Affair** ဇာတ်ကားဖြင့် *စာမျက်နှာ ၉ ကော်လံ ၃* ❍

ပြည်တွင်းအားကစား ပြည်တွင်းအားကစား

ကမ္ဘောဇအသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်တို့ ခြေစမ်းကြမည်

သတင်းနှင့် ဓာတ်ပုံ ဖိုးသော်ဇင်

မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းကို တွေ့ရစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းသည် ထိုင်းပရီမီယာ လိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ချင်းရိုင်း(Chiang Rai) ခရိုင် ချင်းရိုင်းမြို့တည် နှစ်ပေါင်း (၇၅၀) ပြည့်အထိမ်းအမှတ် ထိုင်း-မြန်မာချစ်ကြည်ရေး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအဖြစ် ကမ္ဘောဇအသင်းနှင့် ချင်းရိုင်းယူနိုက်တက် အသင်းတို့သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကမ္ဘောဇအသင်းသည် ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ခေတ္တရပ်နားထားချိန်အတွင်း အတွေ့ အကြုံကောင်းများရရှိစေရန် ယင်းခြေစမ်းပွဲကို ယှဉ်ပြိုင်ခြင်းလည်း ဖြစ်သည်။ ကမ္ဘောဇအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇)အပြီး တွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေ (၁၇)မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ တွင် ရပ်တည်နေသည်။ **(မြန်မာ့အလင်း)**

ပင်လယ်ရေလှိုင်းနှင့် ဒီရေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အားကျယ်ပြန့်စွာ ထုတ်လုပ်မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ပင်လယ်ရေလှိုင်းနှင့် ဒီရေစွမ်းအင်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ အော့ခ်နေးစ်နှင့် ရှိတ်လန့်စ်ဒေသ ကမ်းလွန်နှင့် စကော့တလန် အနောက်ပိုင်း ကမ်းလွန်ရေပြင်အပါအဝင် စကော့တလန်မြောက်ပိုင်းကမ်းလွန်ရေပြင်တို့တွင် ရေလှိုင်းနှင့် ဒီရေတို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရေး ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ရေလှိုင်းနှင့် ဒီရေတို့မှ ဓာတ်အားရရှိရေးအတွက် ကမ်းလွန်ရေပြင်တွင် ဓာတ်အားထုတ်ယူမည့် တာဘိုင်များ တည်ဆောက်မှုအတွက် ငွေကြေး စုစုပေါင်း ပေါင်သန်း ၄၀ မှ ၅၀ ခန့် ကုန်ကျမည်ဖြစ်သည်။ ကမ္ဘာ့ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေလှိုင်းနှင့် ဒီရေတို့မှ ဓာတ်အားထုတ်ယူ ဖြည့်ဆည်းရန် ဗြိတိန်ကစီစဉ်နေသည်။ ထိုသို့ ဓာတ်အား ထုတ်လုပ်ရာတွင် *စာမျက်နှာ ၉ ကော်လံ ၆* ◆

ဗြိတိန်ကမ်းလွန်၌ ရေလှိုင်းနှင့် ဒီရေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူလျက်ရှိသည့် တာဘိုင်များကို တွေ့ရစဉ်။

နိုင်ငံတကာအားကစား

မြင့်မောင်စိုး-ရေးသားသည်

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ်တို့ ကွာတားတက်

လန်ဒန် ဖေဖော်ဝါရီ ၁၉

*အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ပဥ္စမအဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ စတုတ်စီးတီးအသင်းက ခရောလေတောင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး **(အောက်ပုံ)** ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပါတယ်။*

စတုတ်အသင်းအတွက် အနိုင်ဂိုးတွေကို ဂျွန်ဝယ်လ်တာနဲ့ ပီတာခရော့တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အဖွင့်ဂိုးကိုတော့ ဂျွန်ဝယ်လ်တာက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယအနိုင်ဂိုးကိုတော့ စတုတ်တိုက်စစ်မှူး ပီတာခရော့က ပွဲချိန် ၅၂ မိနစ်မှာ ခေါင်းတိုက်ဂိုးနဲ့ သွင်းယူခဲ့တာဖြစ်ပါတယ်။

ခရောလေတောင်းအသင်းဟာ ဒီပွဲရှုံးခဲ့တဲ့အတွက် ဒုတိယအကြိမ်မြောက် ကွာတားဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်ဟာ အဆုံးသတ်ခဲ့ရပါပြီ။ ပြီးခဲ့တဲ့နှစ်တုန်းက ခရောလေတောင်း အသင်းဟာ ပဥ္စမအကျော့ပြိုင်ပွဲမှာ မန်ယူကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ခရောလေတောင်း အသင်းဟာ ယခုနှစ်မှာတော့ စတုတ်ကို ရှုံးပြီး ထွက်ခဲ့ရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အများဆုံးနဲ့ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ***(အင်တာနက်)***

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ပုသိမ်မြို့နယ်၌ ကျင်းပ စာ - ၂

ချက်နိုင်ငံမှ ခရီးသည်တင်လေယာဉ်မှူး ဝေဟင်၌ လေယာဉ်မောင်းစဉ်သေဆုံး စာ - ၄



သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်) စာ - ၇



မထသ(ဗဟို)မှ ခရီးသည်များ၏အသက်ကို တိုက်ရိုက်နှုတ်ဆင်ကျည်းနေပြီ

သတင်းနှင့်ဓာတ်ပုံ ➢ သတင်းခရီးသည်တစ်ဦး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဖုန်းနှင့်တစ်မျိုး၊ စာနှင့်တစ်သွယ်၊ လူကိုယ်တိုင်တစ်ဖုံ၊ မထသ (ဗဟို) ကွပ်ကဲမှုအောက်ရှိ ယာဉ်လိုင်းများ၏ဖြစ်ကြောင်းစုံလင် တိုင်ကြားမှု အဖုံဖုံကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက နေ့စဉ်လက်ခံ ဖြေရှင်းမှုများပြုလုပ်ပေးလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၆* ●

မထသယာဉ်ငယ်အချို့ ရန်ကုန်မြို့ မြေနီကုန်းတွင် တွေ့ရစဉ်။